**စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများ၊ စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးလေ့လာသုံးသပ်ချက်များအား ထုတ်ပြန်ကြေညာခြင်း**

---

ဖတ်(စ်)မြန်မာအင်ဖက်(စ်)မဲ့(န်) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ ("ကုမ္ပဏီ") နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီခွဲများ စုပေါင်း၍ ("ကုမ္ပဏီအုပ်စု") ၏ ဒါရိုက်တာအဖွဲ့သည် ၂၀၂၂ ခုနှစ်၊ မတ်လ ၊ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် ("၂၀၂၂ ဘဏ္ဍာရေးနှစ်") အတွက် ကုမ္ပဏီ၏ စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများအား ပူးတွဲထုတ်ပြန်ကြေညာအပ်ပါသည်။

ယခုနှစ်ကုန်တွင် ထုတ်ပြန်သော ဤဘဏ္ဍာရေးအစီရင်ခံစာသည် မတ်လတွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အသစ်ဖြင့် ကိုက်ညီမှု ရှိစေနိုင်ရန် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ၊ ၁ ရက်နေ့ မှ ၂၀၂၂ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့အထိ ("၂၀၂၂ မတ် ဘဏ္ဍာရေးနှစ်") ခြောက်လကြာကာလအတွင်း လုပ်ငန်းလည်ပတ်မှုများကို ဖော်ပြထုတ်ပြန်ထားသော အစီရင်ခံစာဖြစ်ပါသည်။ ကြောင်းကျိုးဆီလျော်သော နှိုင်းယှဉ်လေ့လာမှု ပြုလုပ်နိုင်ရန်အတွက် ကုမ္ပဏီစီမံခန့်ခွဲရေးအဖွဲ့သည် ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ၊ ၁ ရက်နေ့ မှ ၂၀၂၁ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့အထိ ("၂၀၂၁ မတ် ဘဏ္ဍာရေးနှစ်") ကာလကို ဖော်ပြထားသော နှစ်ဝက်ဘဏ္ဍာရေးအစီရင်ခံစာနှင့် ယှဉ်တွဲအသုံးပြုထားပါသည်။ ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဘဏ္ဍာရေးအစီရင်ခံစာများပါဝင်သည့် နှစ်ပတ်လည်အစီရင်ခံစာကို YSX website နှင့် https://fmi.com.mm/investors/annual-reports/ တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

**KEY HIGHLIGHTS**

**Summary of Group Statement of Comprehensive Income**

| (MMK'000) | **FY Mar-2022 (Audited)** | HY Mar-2021 (Restated) | % Change |
|---|---|---|---|
| Revenue | **138,693,464** | 164,065,048 | (15.5%) |
| Cost of revenue | **(83,634,074)** | (86,412,959) | 3.2% |
| Gross profit | **55,059,390** | 77,652,089 | (29.1%) |
| *Gross Profit margin* | ***39.7%*** | *47.3%* | |
| Administrative expenses | **(45,127,471)** | (53,576,132) | 15.8% |
| Finance expenses | **(1,671,447)** | (1,758,393) | 5.0% |
| Other (losses)/gains, net | **(162,040)** | 498,541 | (132.5%) |
| Share of losses of associates and joint ventures, net of tax | **(1,735,612)** | (579,020) | (199.8%) |
| Profit before income tax | **6,362,820** | 22,237,085 | (71.4%) |
| Income tax expense | **(1,582,144)** | (6,601,356) | 76.0% |
| **Profit for the year/period** | **4,780,676** | 15,635,729 | (69.4%) |
| Fair value gains/(losses) of available-for-sale investments | **1,061,695** | (631,802) | 268.1% |
| Share of other comprehensive losses of associates | **(455,071)** | (5,070,192) | 91.0% |
| **Other comprehensive income / (losses) for the year/period, net of tax** | **606,624** | (5,701,994) | 110.6% |
| **Total comprehensive income for the year/period** | **5,387,300** | 9,933,735 | (45.8%) |

**Profit attributable to:**[1]

| | | |
|---|---|---|
| Owners of the Company | **1,470,464** | 8,421,653 |
| Non-controlling interests | **3,310,212** | 7,214,076 |
| | **4,780,676** | 15,635,729 |

**Earnings per share**

| | | | |
|---|---|---|---|
| Basic (MMK) | **44** | 264 | (83.3%) |
| Diluted (MMK) | **36** | 209 | (82.8%) |

နိုင်ငံအတွင်း လုပ်ငန်းများကောင်းမွန်စွာလည်ပတ်ရန် ခက်ခဲမှုများစွာရှိနေသေးသော်လည်း နှင့် COVID-19 ၏ Omicron တတိယလှိုင်း ရိုက်ခက်မှုကိုကျော်လွှားနိုင်ခဲ့ပြီးနောက်တွင် ကုမ္ပဏီအုပ်စု၏ စီးပွားရေးလုပ်ငန်းများမှာ ပြန်လည်တိုးတက်ကောင်းမွန်လာခဲ့ပါသည်။ ၂၀၂၂ မတ် ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ အုပ်စု၏ စုစုပေါင်းဝင်ငွေမှာ ကျပ် ၁၃၈.၇ ဘီလီယံ ရရှိခဲ့သဖြင့် ၂၀၂၁ မတ် ဘဏ္ဍာရေးနှစ်၏ စုစုပေါင်းဝင်ငွေ ကျပ် ၁၆၄.၁ ဘီလီယံနှင့် နှိုင်းယှဉ်လျှင် ၁၅.၅% ကျဆင်းခဲ့ပါသည်။ ထိုသို့လုပ်ငန်းစု၏ ဝင်ငွေကျဆင်းရသည့် အဓိကအကြောင်းအရင်းမှာ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ (“ရိုးမဘဏ်”) မှ ယခုခြောက်လပတ်အတွက် ဝင်ငွေရရှိမှု လျော့နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။ သို့ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ (“ပန်းလှိုင်ဆေးရုံ”)မှ ဝင်ငွေရရှိမှုမှာ သိသိသာသာတိုးတက်လာခြင်းကြောင့် စုစုပေါင်းဝင်ငွေကျဆင်းမှုမှာ တစ်စိတ်တစ်ပိုင်းအားဖြင့် သက်သာစေခဲ့ပါသည်။

ကုမ္ပဏီအုပ်စု၏ ဝင်ငွေများကို အောက်ပါအတိုင်း လုပ်ငန်းကဏ္ဍအလိုက် ခွဲခြမ်းစိတ်ဖြာနိုင်ပါသည်။

| (MMK’000) | **FY Mar-2022**<br>(Audited) | HY Mar-2021 | % Change |
|---|---|---|---|
| Financial services | **108,905,183** | 146,752,811 | (25.8%) |
| Healthcare services | **29,684,541** | 17,178,406 | 72.8% |
| Rental income | **36,000** | 18,000 | 100.0% |
| Dividend income | **67,740** | 115,831 | (41.5%) |
| **Total** | **138,693,464** | 164,065,048 | **(15.5%)** |

ရိုးမဘဏ်မှရရှိသော ဝင်ငွေသည် ၂၀၂၁ မတ် ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၄၆.၈ ဘီလီယံ ရရှိခဲ့ရာမှ ၂၀၂၂ မတ် ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၀၈.၉ ဘီလီယံသာ ရရှိခဲ့သဖြင့် ၂၅.၈% ကျဆင်းခဲ့ပါသည်။ ထိုသို့ ဝင်ငွေကျဆင်းရသည့် အဓိကအကြောင်းအရင်းမှာ အတိုးမှ ရရှိသောဝင်ငွေ၊ ဘဏ်လုပ်ငန်းဝန်ဆောင်မှုမှရရှိသောဝင်ငွေ နှင့် အစိုးရငွေတိုက်စာချုပ်များပေါ်တွင်ရင်းနှီးမြှုပ်နှံမှုမှ ရရှိသောဝင်ငွေများ လျော့နည်းခြင်းတို့ကြောင့်ဖြစ်ပါသည်။ ပန်းလှိုင်ဆေးရုံမှ ဝင်ငွေရရှိမှုမှာ ၂၀၂၁ မတ် ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၇.၂ ဘီလီယံ ရရှိခဲ့ရာ မှ ၂၀၂၂ မတ် ဘဏ္ဍာရေးနှစ်တွင် ကျပ် ၂၉.၇ ဘီလီယံ ရရှိခဲ့သဖြင့် ၇၂.၈% သို့ သိသိသာသာတိုးတက်ခဲ့ပါသည်။ အဆိုပါ ဝင်ငွေစုစုပေါင်း၏ ၇၃% မှာ ဆေးရုံ၏ ပင်မဝန်ဆောင်မှုဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများမှ ရရှိခြင်းဖြစ်ပြီး၊ ကျန် ၂၇% မှာ COVID-19 ရောဂါနှင့်သက်ဆိုင်သည့် ကျန်းမာရေးဝန်ဆောင်မှုများမှ ရရှိခြင်းဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ၂၀၂၂ မတ် ဘဏ္ဍာရေးနှစ်အတွက် အကြမ်းအမြတ်သည် ကျပ် ၅၅.၁ ဘီလီယံရှိခဲ့ပြီး၊ ၂၀၂၁ မတ် ဘဏ္ဍာရေးနှစ်၏ အကြမ်းအမြတ် ကျပ် ၇၇.၇ ဘီလီယံ နှင့်နှိုင်းယှဉ်လျှင် ၂၉.၁% ကျဆင်းခဲ့ပါသည်။ ဤကဲ့သို့ အကြမ်းအမြတ်ကျဆင်းရခြင်း၏ အဓိကအကြောင်းအရင်းမှာ ရိုးမဘဏ်၏ အကြမ်းအမြတ် ကျဆင်းခြင်းအပြင်၊ ဘဏ်၏ customer များမှ အပ်နှံငွေပိုမိုမြင့်မား လာခြင်းကြောင့် ထိုအပ်နှံငွေအပေါ်တွင်ပေးရသော အတိုးကုန်ကျစရိတ် မြင့်တက်လာခြင်း နှင့် ၂၀၂၁ မတ် ဘဏ္ဍာရေးနှစ်နှင့်နှိုင်းယှဉ်ပါက ယေဘုယျအတိုးနှုန်း မြင့်တက်လာခြင်း တို့ကြောင့် ဖြစ်ပါသည်။

---

[1] Net profit attributable to equity holders of the Company used for the computation of basic/diluted EPS has been adjusted for the distribution to the holders of perpetual securities.

ကုမ္ပဏီအုပ်စု၏ စီမံခန့်ခွဲမှုဆိုင်ရာအသုံးစရိတ်သည် ၂၀၂၁ မတ် ဘဏ္ဍာရေးနှစ်တွင် ကျပ် ၅၃.၆ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၂ မတ် ဘဏ္ဍာရေးနှစ်တွင် ကျပ် ၄၅.၁ ဘီလီယံ သို့ ကျဆင်းခဲ့ပါသည်။ ဤသို့ စီမံခန့်ခွဲမှုဆိုင်ရာအသုံးစရိတ်များ ကျဆင်းရခြင်း၏ အဓိကအကြောင်းအရင်းများမှာ ရိုးမဘဏ်ရှိ ထုတ်ချေးငွေများအပေါ်တွင် ချေးငွေပြန်လည်ပေးဆပ်မှု ပို၍များပြားလာသောကြောင့် ယခင်က ထိုချေးငွေများအပေါ်တွင် ဆုံးရှုံးနိုင်ခြေအား ကြိုတင်လျာထားခဲ့သည့်အတွက် ယခုနှစ်ကုန်တွင် ပြုလုပ်ရသည့် စာရင်းညှိနှိုင်းဆောင်ရွက်ချက်များကြောင့် ကုန်ကျစရိတ်တစ်စိတ်တစ်ပိုင်းကို သက်သာစေခဲ့ပါသည်။ ၎င်းအပြင် ကုမ္ပဏီအုပ်စု၏ ကုန်ကျစရိတ်ထိန်းချုပ်ရေးအစီအမံများကြောင့် ဝန်ထမ်းများ၏လစာငွေလျှော့ချခြင်း၊ တန်ဖိုးလျော့စရိတ်များလျော့နည်းလာခြင်း နှင့် အခြားသော အထွေထွေကုန်ကျစရိတ်များကို ဆက်လက်ထိန်းချုပ်နိုင်ခဲ့ခြင်းတို့ကြောင့်ဖြစ်ပါသည်။

ဘဏ္ဍာရေးဆိုင်ရာအသုံးစရိတ်များသည် ၂၀၂၁ မတ် ဘဏ္ဍာရေးနှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၂၂ မတ် ဘဏ္ဍာရေးနှစ်တွင် ၅.၀% ကျဆင်းခဲ့ပါသည်။ ထိုသို့ အသုံးစရိတ်များကျဆင်းရသည့် အဓိကအကြောင်းအရင်းမှာ ၂၀၂၂ မတ် ဘဏ္ဍာရေးနှစ်တွင် ပန်းလှိုင်ဆေးရုံ နှင့် ကုမ္ပဏီ၏ချေးငွေတစ်စိတ်တစ်ပိုင်းအား ပြန်လည်ပေးဆပ်ခဲ့ခြင်းတို့ကြောင့်ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ အခြားသောဆုံးရှုံးမှုများကိုတင်ပြရလျှင် ၂၀၂၁ မတ် ဘဏ္ဍာရေးနှစ်တွင် ရရှိခဲ့သော အခြားဝင်ငွေ ကျပ် ၀.၅ ဘီလီယံ နှင့်နှိုင်းယှဉ်လျှင် ၂၀၂၂ မတ် ဘဏ္ဍာရေးနှစ်တွင် ကျပ် ၀.၂ ဘီလီယံ ဆုံးရှုံးမှုဖြစ်ခဲ့ပါသည်။ ထိုသို့ဆုံးရှုံးရခြင်း၏ အဓိကအကြောင်း အရင်းမှာ ပန်းလှိုင်ဆေးရုံရှိ အသုံးပြုရန်မဖြစ်နိုင်တော့သော ပုံသေပိုင်ပစ္စည်းများကို စာရင်းပယ်ဖျက်ခြင်းမှ ဖြစ်ပေါ်လာသောအရှုံးကြောင့်ဖြစ်ပြီး၊ နိုင်ငံခြားငွေကြေး ဈေးကွက်တန်ဖိုးပြန်လည်သတ်မှတ်ရာမှရရှိလာသော အကျိုးအမြတ်မှာ ထိုအရှုံးအားတစ်စိတ် တစ်ပိုင်းအားဖြင့် သက်သာစေခဲ့ပါသည်။ အသေးစိပ်အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| (MMK'000) | **FY Mar-2022** (Audited) | HY Mar-2021 |
|---|---|---|
| Gain on foreign currency exchange, net | **1,077,391** | 399,337 |
| Gain (loss) on disposal of property and equipment | **35,674** | (14) |
| Gain on revaluation of investment properties | **-** | 113,880 |
| Write-off of receivables | **(1,218)** | - |
| Write-off of payables | **-** | 287 |
| Write-off of property and equipment and intangible assets | **(1,273,887)** | (14,949) |
| **Total Other (Losses) / Gains** | **(162,040)** | 498,541 |

ကုမ္ပဏီအုပ်စုသည် ၂၀၂၂ မတ် ဘဏ္ဍာရေးနှစ်တွင် တွဲဖက်ကုမ္ပဏီများ နှင့် ဖက်စပ်ကုမ္ပဏီများမှ ရရှိခဲ့သော အရှုံး၊အမြတ်အသေးစိပ် ကို အောက်ပါအတိုင်း ခွဲခြမ်းစိတ်ဖြာ၍ တင်ပြထားပါသည်။

| | | **Group Share of Profit/(Loss)** | |
|---|---|---|---|
| (MMK'000) | **Stake** | **FY Mar-2022** (Audited) | HY Mar-2021 |
| Thanlyin Estate Development Limited | 30.0% | **(1,672,782)** | (125,678) |
| CLW Development Limited | 25.0% | **15,495** | (312,471) |
| FMI Garden Development Limited | 47.5% | **-** | (5,529) |
| Pun Hlaing Links Services Company Limited | 30.0% | **(28,815)** | 1,443 |
| Kawthaung Hill Investment Limited | 37.5% | **(163)** | (392) |
| LSC-FMI Company Limited | 50.0% | **(351)** | (175) |
| FMIDecaux Company Limited | 40.0% | **(57,308)** | (356,982) |
| Chindwin Holdings Pte. Ltd | 30.0% | **-** | 104,777 |
| Meeyahta International Hotel Limited | 20.0% | **8,312** | 115,987 |
| **Total Share of Losses** | | **(1,735,612)** | (579,020) |

FMI
PART OF THE YOMA GROUP

အထက်ပါ ကုမ္ပဏီအုပ်စု၏ တွဲဖက်ကုမ္ပဏီများ နှင့် ဖက်စပ်ကုမ္ပဏီများမှ အရှုံးအားအချိုးကျခွဲဝေကျခံရာတွင် ၂၀၂၁ မတ် ဘဏ္ဍာရေးနှစ်တွင် အရှုံးငွေ ကျပ် ၀.၆ ဘီလီယံ ရှိခဲ့ရာ မှ ၂၀၂၂ မတ် ဘဏ္ဍာရေးနှစ်တွင် အရှုံးငွေ ကျပ် ၁.၇ ဘီလီယံ တိုးမြင့် ရရှိခဲ့ပါသည်။ ထိုသို့ အရှုံးငွေ မြင့်တက်လာရခြင်း၏ အဓိကအကြောင်းအရင်းမှာ Thanlyin Estate Development Limited အောက်ရှိ ရင်းနှီးမြှုပ်နှံထားသောအိမ်ရာ စီမံကိန်းများအား ဈေးကွက်တန်ဖိုးပြန်လည်သတ်မှတ်ခြင်းကြောင့် ဖြစ်ပေါ်လာသော အရှုံးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသောစာရင်းအရ အရှုံးတို့ကြောင့်ဖြစ်ပါသည်။ သို့သော် FMIDecaux သည် ၂၀၂၁ မတ် ဘဏ္ဍာရေးနှစ်တွင် ကျပ် ၃၅၇.၀ ဘီလီယံ ရှုံးခဲ့ရာ မှ ၂၀၂၂ မတ် ဘဏ္ဍာရေးနှစ်တွင် ကျပ် ၅၇.၃ ဘီလီယံ အရှုံးပမာဏသာ ရှိခဲ့သည့်အတွက် အရှုံးပမာဏများစွာ လျော့ကျခဲ့ပါသည်။ ထိုသို့အရှုံး ပမာဏလျော့ကျရခြင်း၏ အဓိကအကြောင်းအရင်းမှာ ဝင်ငွေမြင့်တက်လာခြင်း နှင့်  လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ်များ လျှော့ချနိုင်ခဲ့ခြင်း တို့ကြောင့်ဖြစ်ပါသည်။ ထို့အပြင် CLW Development Limited ၏ အမြတ်ဝင်ငွေ မြင့်တက်လာရခြင်း၏ အဓိကအကြောင်းအရင်းမှာ အစုရှယ်ယာရှင်များထံမှ  နိုင်ငံခြားငွေဖြင့်ရယူထားသော ချေးငွေအတွက် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် အမြတ်ငွေကို စာရင်းသင့်ကျခံရခြင်းဖြစ်ပါသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ရလဒ်အနေဖြင့် ကုမ္ပဏီအုပ်စု၏ အခွန်လျာထားပြီး စုစုပေါင်း အသားတင်အမြတ်ငွေမှာ ၂၀၂၁ခုနှစ်၊ မတ်လ၊ ၃၁ ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်တွင် ကျပ် ၁၅.၆ ဘီလီယံ ရရှိခဲ့ရာ မှ ၂၀၂၂ခုနှစ်၊ မတ်လ၊ ၃၁ ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်တွင် ကျပ် ၄.၈ ဘီလီယံအထိ ကျဆင်းခဲ့ပါသည်။

ကုမ္ပဏီအုပ်စုသည် ၎င်း၏ ကာလတို ရင်းနှီးမြှုပ်နှံမှု (Available-for-sale investments) များအား တန်ဖိုးများ ပြန်လည်သင့်ရာတွင် ၂၀၂၁ မတ် ဘဏ္ဍာရေးနှစ်တွင် ကျပ် ၀.၆ ဘီလီယံ ဆုံးရှုံးခဲ့ရာ မှ ၂၀၂၂ မတ် ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁.၁ ဘီလီယံ အမြတ်ရရှိခဲ့ပါသည်။ ကုမ္ပဏီအုပ်စု၏ အဆိုပါရင်းနှီးမြှုပ်နှံမှုများ၏တန်ဖိုးပြန်လည်သတ်မှတ်မှု အသေးစိပ်အား အောက်ပါအတိုင်း တင်ပြထားပါသည်။

| Investments<br>(MMK'000) | Carrying Value Before<br>Adjustment | Fair Value<br>Adjustment | Carrying Value after<br>Adjustment |
|---|---|---|---|
| MTSH | 2,059,209 | (289,577) | 1,769,632 |
| Memories Group | 1,425,341 | (378,638) | 1,046,703 |
| 5% shareholding in Wave Money by Yoma Bank Limited | 7,515,690 | 1,729,910 | 9,245,600 |
| **Total** | **11,000,240** | **1,061,695** | **12,061,935** |

ထိုသို့ တန်ဖိုးပြန်လည်သင့်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် လုပ်ငန်းလည်ပတ်မှုနှင့်မသက်ဆိုင်သော အမြတ်များမှာ ရိုးမဘဏ်မှ ပိုင်ဆိုင်သည့် Wave Money ၏ အစုရှယ်ယာ ၅% အား ဈေးကွက်ပေါက်ဈေးဖြင့်ပြန်လည်၍ တန်ဖိုးသင့်ခြင်းကြောင့် ရရှိလာခြင်း ဖြစ်ပါသည်။ သို့ရာတွင် YSX နှင့် SGX တို့တွင် စာရင်းဝင်ထားသည့် Myanmar Thilawa SEZ Holdings Public Ltd (“MTSH”) နှင့် Memories Group Limited (“Memories Group”) တို့တွင် ရင်းနှီးမြှုပ်နှံထားသော အစုရှယ်ယာဈေးကွက်ပေါက်ဈေး ကျဆင်းလာခြင်းကြောင့် အထက်ဖော်ပြပါ တန်ဖိုးသင့်အမြတ်ကို တစ်စိတ်တစ်ပိုင်း လျော့နည်းစေခဲ့ပါသည်။

၂၀၂၁ မတ် ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီအုပ်စုသည် တွဲဖက်ကုမ္ပဏီများထံမှ အချိုးကျရရှိသည့် လုပ်ငန်းလည်ပတ်မှုမှမဟုတ်သော အခြားအရှုံးငွေ ကျပ် ၅.၁ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၂ မတ် ဘဏ္ဍာရေးနှစ်တွင် ကျပ် ၀.၅ ဘီလီယံအထိ ကျဆင်းခဲ့ပါသည်။ ယခင်နှစ်တွင် အရှုံးငွေမြင့်တက်ရခြင်း၏ အဓိကအကြောင်းအရင်းများမှာ ကုမ္ပဏီအုပ်စုလက်အောက်ရှိ Thanlyin Estate Development Limited နှင့် Meeyahta International Hotel Limited တို့သည် ယခင်ဘဏ္ဍာရေးနှစ်များ၏ နိုင်ငံခြားငွေစာရင်းအား မြန်မာကျပ်ငွေဖြင့် ပြောင်းလဲစာရင်းသင့်မှုကို ၂၀၂၁ မတ် ဘဏ္ဍာရေးနှစ်တွင် စာရင်းညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

မမျှော်မှန်းနိုင်သော အခက်အခဲများ နှင့် ရင်ဆိုင်မှုများစွာကို ဖြတ်သန်းခဲ့ရခြင်းကြောင့် ကုမ္ပဏီအုပ်စုသည် ၂၀၂၁ မတ် ဘဏ္ဍာရေးနှစ်တွင် အစုရှယ်ယာရှင်များ နှင့်သက်ဆိုင်သည့် အသားတင်အမြတ်ငွေ ကျပ် ၈.၄ ဘီလီယံ ရရှိခဲ့ရာမှ ၂၀၂၂ မတ် ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁.၅ ဘီလီယံသာ ရရှိခဲ့ပါသည်။

ကုမ္ပဏီအုပ်စု၏ အစုရှယ်ယာရှင်များနှင့်သက်ဆိုင်သည့် တစ်စုအပေါ်ရရှိသည့်အခြေခံဝင်ငွေ ("Basis EPS") မှာ ၂၀၂၂ မတ် ဘဏ္ဍာရေးနှစ်တွင် အမြတ်အဖြစ် ကျပ် ၄၄ ရရှိသည့်အတွက် ၈၃.၃% ထိ ကျဆင်းခဲ့ပြီး ၊ ရှယ်ယာတစ်စုအတွက် လျော့ကျရရှိမည့် ဝင်ငွေ ("Diluted EPS") မှာ အမြတ်အဖြစ် ကျပ် ၃၆ ရရှိသည့် အတွက် ၈၂.၈% ထိ ကျဆင်းခဲ့ပါသည်။ Diluted EPS အား နောင်တွင် ထုတ်ဝေပေးရမည့် အစုရှယ်ယာများအား ၂၀၂၂ ပြည့်နှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ထုတ်ဝေပြီး အနေအထားတို့ဖြင့် ပျှမ်းမျှအခြေခံ၍ တွက်ချက်ထားခြင်း ဖြစ်ပါသည်။

ကုမ္ပဏီအနေဖြင့် အနာဂတ်တွင်လုပ်ငန်းများဆက်လက်တိုးတက်လာနိုင်မည့် အခွင့်အလမ်းများစွာကို မျှော်မှန်းပြီး ကုမ္ပဏီအုပ်စု အနေဖြင့် အရံဘဏ္ဍာငွေများထားရှိခြင်း နှင့် ကုန်ကျစရိတ်များအပေါ် စီစစ်ခြင်းတို့ကို ဆက်လက်လုပ်ဆောင်နေလျှက်ရှိပါသည်။ ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးအခြေအနေ အနှစ်ချုပ်စာရင်းရှင်းတမ်းကို ၂၀၂၁ ပြည့်နှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့် ယခင် ဘဏ္ဍာရေးနှစ် အခြေအနေနှင့် အောက်ပါအတိုင်း ပူးတွဲဖော်ပြအပ်ပါသည်။

**Summary of Group Balance Sheet**

| (MMK'000) | **As at 31-Mar-2022** (Audited) | As at 30-Sep-2021 (Restated) | % Change |
|---|---|---|---|
| **ASSETS** | | | |
| Total current assets | **2,871,155,456** | 2,554,816,555 | 12.4% |
| Total non-current assets | **548,818,501** | 558,965,514 | (1.8%) |
| Total assets | **3,419,973,957** | 3,113,782,069 | 9.8% |
| **LIABILITIES** | | | |
| Total current liabilities | **2,904,006,944** | 2,603,203,827 | (11.6%) |
| Total non-current liabilities | **11,843,133** | 11,992,699 | 1.2% |
| Total liabilities | **2,915,850,077** | 2,615,196,526 | (11.5%) |
| **NET ASSETS** | **504,123,880** | 498,585,543 | 1.1% |
| **EQUITY** | | | |
| Equity attributable to the equity owners of the Company | **397,938,660** | 396,519,111 | |
| Non-controlling interest | **106,185,220** | 102,066,432 | |
| **TOTAL EQUITY** | **504,123,880** | 498,585,543 | 1.1% |

ကုမ္ပဏီအုပ်စု၏ စုစုပေါင်း လက်ငင်းရပိုင်ခွင့်များသည် ၂၀၂၁ ပြည့်နှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့တွင် ကျပ် ၂,၅၅၄.၈ ဘီလီယံ ရှိခဲ့ရာ မှ ၂၀၂၂ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၂,၈၇၁.၂ ဘီလီယံအထိ တိုးတက်လာခဲ့ပါသည်။ ထိုသို့တိုးတက်လာရသည့် အဓိကအကြောင်းအရင်းမှာ ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍတွင် ရိုးမဘဏ်၏ ငွေသားလက်ကျန်များတိုးလာခြင်း နှင့် အစိုးရငွေတိုက်စာချုပ်များအပေ□တွင် ထပ်တိုးရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့ခြင်းတို့ကြောင့်ဖြစ်ပါသည်။

စုစုပေါင်း လက်ငင်းမဟုတ်သော ရပိုင်ခွင့်များသည် ၂၀၂၁ ပြည့်နှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့တွင် ကျပ် ၅၅၉.၀ ဘီလီယံရှိခဲ့ရာ မှ ၂၀၂၂ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၅၄၈.၈ ဘီလီယံ သို့ အနည်းငယ်လျော့ကျသွားခဲ့ပါသည်။

စုစုပေါင်း လက်ငင်းပေးရန်တာဝန်မှာ ၂၀၂၁ ပြည့်နှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့တွင်ရှိသော ကျပ် ၂,၆၀၃.၂ ဘီလီယံ နှင့် နှိုင်းယှဉ်လျှင် ၂၀၂၂ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၂,၉၀၄.၀ ဘီလီယံ သို့ တိုးတက်လာခဲ့ပါသည်။ ထိုသို့ တိုးတက်လာရသည့် အဓိက အကြောင်းအရင်းမှာ ရိုးမဘဏ်၏ customer များမှ ထပ်တိုးအပ်နှံငွေ ဆက်လက်မြင့်တက်လာခြင်း တို့ကြောင့်ဖြစ်ပါသည်။

စုစုပေါင်း လက်ငင်းမဟုတ်သော ပေးရန်တာဝန်မှာ ၂၀၂၁ ပြည့်နှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်တွင် ကျပ် ၁၂.၀ ဘီလီယံ ရှိရာ မှ ၂၀၂၂ ခုနှစ်၊ မတ်လ၊ ၃၁ ရက်တွင် ကျပ် ၁၁.၈ ဘီလီယံသို့ အနည်းငယ် ကျဆင်းသွားပါသည်။ ထိုသို့ကျဆင်းသွားရသည့် အကြောင်းအရင်းမှာ ပန်းလှိုင်ဆေးရုံ နှင့် ကုမ္ပဏီသည် အချို့သောချေးငွေများကို ပြန်လည်ပေးဆပ်နိုင်ခဲ့သောကြောင့်ဖြစ်ပါသည်။

၂၀၂၂ မတ် ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီအုပ်စု၏ မတည်ရင်းနှီးငွေမှာ ၁.၁% သို့ အနည်းငယ်တိုးတက်လာခဲ့ပြီး၊ ထိုသို့တိုးတက်လာရသည့် အကြောင်းအရင်းမှာ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်း၏ မတည်သီးသန့်အရံထားငွေပမာဏ (Equity Reserve) နှင့် အစုရှယ်ယာရှင်များနှင့် မသက်ဆိုင်သည့်ငွေ (Non-controlling Interest) တို့ မြင့်တက်လာခြင်းတို့ ကြောင့် ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်၊ မတ်လ၊ ၃၁ အထိ ကုမ္ပဏီအုပ်စု၏ ငွေသားနှင့်ဘဏ်လက်ကျန်မှာ အကြမ်းအားဖြင့် ကျပ် ၇၄၇.၈ ဘီလီယံ ရှိပါသည်။ ကုမ္ပဏီ၏ ငွေစာရင်းရှင်းတမ်းအနှစ်ချုပ်ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

**Summary of Group Cash Flow Statement**

| (MMK'000) | **FY Mar-2022** (Audited) | FY Sep-2021 (Restated) | % Change |
|---|---|---|---|
| Net cash provided by (used in) operating activities | **370,617,872** | (135,411,325) | 373.7% |
| Net cash (used in) provided by investing activities | **(132,214,385)** | 280,804,745 | (147.1%) |
| Net cash (used in) financing activities | **(1,750,528)** | (640,147) | (173.5%) |
| Net increase in cash and cash equivalents | **236,652,959** | 144,753,273 | 63.5% |
| Cash and cash equivalents at beginning of the year | **511,101,576** | 366,348,303 | 39.5% |
| Cash and cash equivalents at the end of the year | **747,754,535** | 511,101,576 | 46.3% |

ကုမ္ပဏီအုပ်စု၏ ငွေသားလက်ကျန်မှာ ၂၀၂၁ ပြည့်နှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့တွင် ကျပ် ၅၁၁.၁ ဘီလီယံ ရှိခဲ့ရာ မှ ၂၀၂၂ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၇၄၇.၈ ဘီလီယံအထိ ရှိခဲ့သည့်အတွက် ၄၆.၃% တိုးတက်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့အထိ ကုမ္ပဏီအုပ်စု၏ ငွေသားနှင့် ဘဏ်လက်ကျန်အများစုမှာ ရိုးမဘဏ်မှဖြစ်ပြီး ဘဏ်၏ customer များထံမှ ရရှိသော အပ်နှံငွေသည် ဘဏ်၏ customer များထံသို့ ထုတ်ချေးငွေအဖြစ် ပြန်လည်ပေးအပ်ရန်အတွက် စီစစ်မှုများစွာပြုလုပ်ရသောကြောင့် ဘဏ္ဍာရေးနှစ်ကုန်တွင် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ကျပ် ၃၇၀.၆ ဘီလီယံအထိ ရရှိခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ်များ အတွက် ကျပ် ၁၃၂.၂ ဘီလီယံ သုံးစွဲခဲ့ပြီး အဓိကအားဖြင့် အစိုးရငွေတိုက်စာချုပ်များ နှင့် အခြားသောငွေချေး သက်သေခံလက်မှတ် များကို ဝယ်ယူခဲ့ခြင်း တို့ကြောင့်ဖြစ်ပါသည်။ ၂၀၂၂ မတ် ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းစဉ်များမှ ရရှိခဲ့သော ကုမ္ပဏီအုပ်စု၏ အသားတင်ငွေသားမှာ ကျပ် ၁.၈ ဘီလီယံရှိပြီး အဓိက အားဖြင့် ကုမ္ပဏီ၏ချေးငွေအချို့ကို ပြန်လည်ပေးဆပ်ခဲ့ ခြင်းတို့ကြောင့် ဖြစ်ပါသည်။

**အနာဂတ်မျှော်မှန်းချက်များ**

မြန်မာနိုင်ငံတွင် COVID-19 ၏ တတိယလှိုင်းဖြစ်သော Omicron ကူးစက်မှုများစွာကို ကျော်လွှားနိုင်ပြီးနောက် ယခုအခါ ပိုမိုကောင်းမွန်သည့် အခြေအနေသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း မကြာသေးမီက ခရီးသွားကဏ္ဍများ ကို ပြန်လည်ဖွင့်လှစ် ပေးခဲ့ပြီး၊ နိုင်ငံတကာခရီးသွားခြင်းများကိုမြှင့်တင်ပေးရန် နှင့် နိုင်ငံတကာစီးပွားရေးအသိုင်းအဝန်းများ နှင့် ပိုမိုချိတ်ဆက်မှုရှိနိုင်စေရန် လေကြောင်း ဖြင့်ခရီးသွားသူများအတွက် (https://tourism.gov.mm/covid-19/) ချမှတ်ထားသည့် COVID-19 ဆိုင်ရာ ယာယီကန့်သတ်ချက်များကိုလည်း ဖြေလျှော့ပေးခဲ့ပါသည်။ ကုမ္ပဏီအုပ်စု၏ဝန်ထမ်း ၉၉% ကျော်မှာ ကိုဗစ်ရောဂါကာကွယ်ဆေး ထိုးနှံထားပြီး ဖြစ်သောကြောင့် လုပ်ငန်းလည်ပတ်

မှုများမှာ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ပြီး ကိုဗစ်ကူးစက်ခြင်းခံရသော ဝန်ထမ်းအများစုမှာလည်း ရက်အနည်းငယ် အနားယူပြီး နောက်တွင် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်နိုင်ခဲ့ပါသည်။ ကုမ္ပဏီအုပ်စုအနေဖြင့် COVID-19 ရောဂါကာကွယ်၊တားဆီး၊ထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း ဆက်လက်လိုက်နာ ကျင့်သုံးသွားမည်ဖြစ်ပြီး၊ အနာဂတ် တွင်ဖြစ်ပေါ်လာနိုင်သည့် COVID-19 ရောဂါကူးစက်မှုများ အတွက်လည်း ကြိုတင်ပြင်ဆင်မှုများကို ဆက်လက်ပြုလုပ် သွားမည်ဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်းလည်ပတ်မှုများ တိုးတက်လာစေရန်နှင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိနိုင်ရေးတို့အတွက် အဓိကထားလုပ်ဆောင်သွားမည်ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းဖြစ်သော ရိုးမဘဏ်သည် ၂၀၂၁ခုနှစ်အတွင်း စိန်ခေါ်မှုများစွာကို ရင်ဆိုင်ဖြတ်ကျော် နိုင်ခဲ့သည့်အတွက် ၂၀၂၂ မတ် ဘဏ္ဍာရေးနှစ်အတွက် ၎င်း၏ဘဏ္ဍာရေးရှင်းတမ်း (“Balance Sheet”) အခြေအနေပိုမိုတောင့်တင်းပြီး၊ ငွေလက်ကျန် (“Cash Position”) ပိုမိုများပြားခဲ့ပါသည်။ ဆက်လက်ဖြစ်ပေါ်နေသည့် စိန်ခေါ်မှုများစွာကို ပို၍ကောင်းမွန်စွာ ရင်ဆိုင်ဖြေရှင်းနိုင်ခဲ့ခြင်းကြောင့်လည်း ရိုးမဘဏ်အနေဖြင့် အောင်မြင်မှုရလဒ်များကို ရရှိခဲ့ခြင်းဖြစ်ပါသည်။ ရိုးမဘဏ်၏ Point-Of-Sale (“POS Terminal”) များမှာလည်း ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်နိုင်ခဲ့ပြီး၊ ၆လ အတွင်း merchant ပေါင်း ၁၁၆ယောက်ကို အသုံးပြုနိုင်ရန် ဖိတ်ခေါ်ခဲ့ပါသည်။ ဘဏ်၏ customerများ နှင့် merchantများအား ကောင်းမွန်ပြည့်စုံသည့် ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်တစ်ခုကို ပေးစွမ်းနိုင်မည့် ရိုးမဘဏ်၏ POS စနစ်နှင့် Wave Money ၏ ငွေပေးချေမှုစနစ်၂ခုကို ဆက်သွယ်မှုအား ၂၀၂၂ခုနှစ်၊ နှစ်လယ်ပိုင်းတွင် အပြီးသတ်အကောင်ထည်ဖော်နိုင်လိမ့်မည်ဟု ခန့်မှန်းထားပါသည်။

သို့သော် ရိုးမဘဏ်အနေဖြင့် နိုင်ငံခြားငွေကြေးဝန်ဆောင်မှုကဏ္ဍတွင် စိန်ခေါ်မှုများစွာကို ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်ပြီး၊ ယခင်လများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာ ကြေငြာချက်များ နှင့် ညွှန်ကြားချက်များကိုလည်း လိုက်နာ ဆောင်ရွက်ခဲ့ပါသည်။ ငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာရှားပါးမှုကြောင့် ရိုးမဘဏ်အနေဖြင့် customer များ၏ နိုင်ငံခြားငွေ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပေးလျက် ရှိပါသည်။

ကုမ္ပဏီအုပ်စုအနေဖြင့်လည်း အထက်ပါကြေငြာချက် နှင့် ညွှန်ကြားချက်များကြောင့် ဖြစ်လာနိုင်သည့် အကျိုးသက်ရောက်မှုများကို စဉ်ဆက် မပြတ်လေ့လာသုံးသပ်လျက်ရှိပြီး လုပ်ငန်းစု၏ ငွေကြေးဆိုင်ရာကိစ္စရပ်များကို အကောင်းဆုံးဖြစ်အောင် စီမံခန့်ခွဲသွားမည် ဖြစ်ပါသည်။ ကုမ္ပဏီအုပ်စုအနေဖြင့် စီးပွားရေးလုပ်ငန်းများအပေါ်တွင် အကျိုးသက်ရောက်မှုရှိနိုင်သည့် အခြေအနေများကို ဆက်လက်အသိပေးသွားမည် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဖြစ်သော ပန်းလှိုင်ဆေးရုံ၏ ဝင်ငွေမှာလည်း ယခုနှစ်တွင်များစွာတိုးတက် ကောင်းမွန် လာခဲ့ပါသည်။ ပန်းလှိုင်ဆေးရုံသည် “heal @ Pun Hlaing” အမည်ဖြင့် ဆေးခန်းများကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး၊ ပထမဆုံးဆေးခန်းကို ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလတွင် စမ်းချောင်းမြို့နယ်၌ စတင်ဖွင့်လှစ်ခဲ့ပြီးနောက် Star City ၌တည်ရှိသည့်ဆေးခန်းကို ၂၀၂၂ခုနှစ်၊ ဖွန်လတွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ထို့အပြင် ၂၀၂၃ ဘဏ္ဍာရေးနှစ်အကုန်တွင် ဆေးခန်းစုစုပေါင်း ၄ခု ဖွင့်လှစ်နိုင်ရန် စီစဉ်ထားလျက်ရှိပါသည်။ ပန်းလှိုင်ဆေးရုံသည် ၁၇နှစ်ကြာ သက်တမ်းရှိသော အထင်ကရဆေးရုံတစ်ခုဖြစ်ပြီး၊ ယခုနှစ်အတွင်း လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဆေးရုံတွင် “Bright စီမံကိန်း” အမည်ဖြင့် အကြီးစားပြန်လည်မွမ်းမံသည့် လုပ်ငန်းကိုစတင်ခဲ့ပါသည်။ အဆိုပါစီမံကိန်းသည် ယခင်ဆေးရုံအဆောက်အဦအား အဆင့်မြင့်ပြင်ဆင်မှုများ ပြုလုပ်ခြင်းဖြင့် ခေတ်မီကျန်းမာရေးစောင့်ရှောက်မှု စံနှုန်းများ နှင့်ကိုက်ညီပြီး ဆေးရုံ၏customerများအတွက် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှု အတွေ့အကြုံများပေးနိုင်စေရန် ရည်ရွယ်ပါသည်။ Bright စီမံကိန်းအတွက် ငွေလုံးငွေရင်းရင်းနှီးမြှုပ်နှံမှုများကို ပန်းလှိုင်ဆေးရုံ၏ဝန်ဆောင်မှု ကဏ္ဍမှ ရရှိသောဝင်ငွေဖြင့် သုံးစွဲခြင်းဖြစ်ပါသည်။ ခက်ခဲသောအချိန်ကာလများစွာကို ရင်ဆိုင်ဖြတ်သန်းခဲ့ရသော ပန်းလှိုင်ဆေးရုံ၏စီမံခန့်ခွဲမှု ဆိုင်ရာအဖွဲ့ဝင်များ ကို ကုမ္ပဏီအုပ်စုမှ အသိအမှတ်ပြုပြီး၊ ဆေးရုံ၏ customerများ နှင့် မြန်မာနိုင်ငံအတွက် ပိုမိုကောင်းမွန်သော ကျန်းမာရေး စောင့်ရှောက်မှုများပေးစွမ်းနိုင်မည့် မဟာဗျူဟာများအား ဆက်လက်အကောင်အထည်ဖော်ရာတွင် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပါ သည်။

ကုမ္ပဏီအုပ်စု၏ အိမ်ရာစီမံကိန်းလုပ်ငန်းများအနက် အဓိကလုပ်ငန်းတစ်ခုဖြစ်သည့် Star City ၏ ဝန်ဆောင်မှုများဖြစ်သော အိမ်ရောင်းကဏ္ဍ နှင့် ငှားရမ်းမှုကဏ္ဍ နှစ်ခုစလုံးတွင် customer များ၏ စိတ်ဝင်စားမှုမှာ မြင့်တက်လျက်ရှိပါသည်။ Star City မှ ပေးအပ်သည့် အဆင့်မြင့် ဝန်ဆောင်မှုများကို အသိအမှတ်ပြုလာခြင်း၊ အိမ်ရာလုံခြုံရေး နှင့် အခြားသောလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်းတို့အပြင်၊ အိမ်ခြံမြေဈေးကွက်အပေါ် စိတ်ဝင်စားမှုများပြားလာခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံလိုအား ပို၍ မြင့်တက်လာခဲ့ခြင်းဖြစ်ပါသည်။ ကုမ္ပဏီအုပ်စု အနေဖြင့် နောင်လာမည့် လများတွင် City Loft @ Star City နှင့် Star Villas တို့ရှိ အိမ်ခန်းများရောင်းချခြင်းမှ ရရှိသောဝင်ငွေများ တိုးမြင့်

လာမည်ဟု သုံးသပ်ပြီး၊ ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် သာလွန်သောတိုးတက်မှုများကို တွေ့ရှိနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်းရေရှည်ရပ်တည်နိုင်ရေးအတွက် Star City အနေဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြောင်းလဲမှုများပြုလုပ်ခဲ့ပြီး၊ ယခင်ကငှားရမ်းခြင်းအတွက်ထားရှိသည့် Star Residence @ Star City ရှိအခန်းများကို စျေးကွက်လိုအပ်ချက်အရ ရောင်းချရန် ကုမ္ပဏီအုပ်စုမှ ဆုံးဖြတ်ခဲ့ပါသည်။ ပထမဆုံးအနေဖြင့် ၂၀၂၂ ခုနှစ်၊ မတ်လတွင် အခန်းပေါင်း ၅၀ ကို စတင်ရောင်းချနိုင်ခဲ့ပြီး၊ ၂၀၂၂ မတ် ဘဏ္ဍာရေးနှစ်ကုန်တွင် အခန်းများတစ်ဝက်ကျော်ခန့်ရောင်းချနိုင်ခဲ့သည်ကို ကြည့်ခြင်း အားဖြင့် Star City ရှိ အိမ်ရာများအပေါ် စျေးကွက်ဝယ်လိုအား မြင့်မားနေသည်ကိုသိရှိနိုင်ပါသည်။

ထို့အပြင် ကုမ္ပဏီအုပ်စုသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ FMI City Development ၏ ကျန်ရှိနေသည့် မြေများကိုအသုံးပြု၍ Padauk Garden စီမံကိန်းကို စတင်နိုင်ခဲ့ပါသည်။ အဆိုပါ စီမံကိန်းတွင် Padauk Villa ဟု ခေါ်သည့် လုံးချင်းအိမ်ပေါင်း ၁၅၆ လုံး နှင့် Padauk ShopHouse ဟု ခေါ်သည့် ဆိုင်ခန်းတွဲလျက်ပါရှိသည့် အိမ်ခန်းပေါင်း ၉၄ ခန်း တို့ပါရှိပါသည်။ ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီအုပ်စုသည် အဆိုပါစီမံကိန်း မှ ဝင်ငွေများ စတင်ရရှိလာမည်ဟု ခန့်မှန်းထားပါသည်။

ကုမ္ပဏီအုပ်စု၏ ရင်းနှီးမြှုပ်နှံမှုဖြစ်သော Memories Group ခရီးသွားလုပ်ငန်းကဏ္ဍတွင်လည်း စိန်ခေါ်မှုများစွာကို ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်ပါသည်။ နိုင်ငံတကာ ခရီးသွားလာခွင့်ကန့်သတ်ချက်များ၊ လက်ရှိပြည်တွင်းနိုင်ငံရေး၏ သက်ရောက်မှုများ နှင့် Covid-19 ရောဂါဖြစ်ပွားပျံ့နှံ့မှုတို့ကြောင့် ယခင်ကာလများနှင့်ယှဉ်လျှင် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကို ဆက်လက်၍ ကျဆင်းစေခဲ့ပါသည်။ ခရီးသွားကဏ္ဍတွင် အချို့သောစိန်ခေါ်မှုများမှာ ဆက်လက်တည်ရှိနေဦးမည်ဖြစ်သော်လည်း အခြားသောကဏ္ဍများတွင် ပြန်လည်တိုးတက်မှုလက္ခဏာများကိုလည်း တွေ့ရှိလာရပါသည်။ နိုင်ငံတော်အစိုးရမှ ၂၀၂၂ ခုနှစ်၊ ဧပြီလ မှစတင်၍ COVID-19 ရောဂါနှင့်ဆက်နွှယ်သော နယ်စပ်ကန့်သတ်ချက်အားလုံးနီးပါးကိုဖြေလျှော့ပေးခဲ့ပြီး၊ စည်းမျဉ်းအသစ်များကိုလည်း ပြန်လည်ကြေညာခဲ့ပါသည်။ ကာကွယ်ဆေးထိုးနှံထားသည့်မှတ်တမ်းနှင့် Covid-19 စစ်ဆေးချိန်တွင် Negative ရလဒ်ထွက်ထားသော ခရီးသွားများအတွက် Quarantine လိုအပ်ချက်များကို လျှော့ချပေးခြင်းတို့ကြောင့် နိုင်ငံတကာကူးသန်းရောင်းဝယ်ရေး လေကြောင်းများ ပြန်လည်စတင်နိုင်ခဲ့ပါသည်။ ထိုသို့ဖြေလျှော့ပေးမှုအစီမံများကြောင့် နိုင်ငံတကာလေကြောင်းလိုင်းများမှ ပျံသန်းမှုအကြိမ် အရေတွက်သည် တစ်ဖြည်းဖြည်းချင်းသာ တိုးတက်လာမည်ဟု ခန့်မှန်းထားပါသည်။ မြန်မာ့နိုင်ငံရေးနှင့်ပတ်သက်၍ သတင်းမီဒီယာများ၏ ရိုက်ခက်မှုများဆက်လက်ရှိနေသောကြောင့် နိုင်ငံတကာခရီးသွားဧည့်သည်များ ဝင်ရောက်မှုမှာ ဆက်လက်ကျဆင်းနေဦးမည်ဟုခန့်မှန်းထားပြီး၊ စီးပွားရေးနှင့်ဆက်စပ်သော ခရီးသွားလာမှုများ တစ်ဖြည်းဖြည်းချင်း ပြန်လည်နလန်ထူကောင်းမွန်လာနိုင်မည်ဖြစ်ပါသည်။ ပြည်တွင်းစျေးကွက်တွင် နေ့စဉ်လုပ်ငန်းလည်ပတ်မှုများကို ပြန်လည်၍ စတင်နေပြီဖြစ်သဖြင့် Memories Group ၏ အချို့သောဝန်ဆောင်မှု လုပ်ငန်းများအတွက် အခွင့်အလမ်းများ ပြန်လည်ရရှိစေမည်ဖြစ်ပါသည်။ Memories Group သည် ယခုနှစ်အောက်တိုဘာလ မုတ်သုံရာသီကုန်ဆုံးချိန်တွင် ပြည်တွင်းခရီးသွား လုပ်ငန်းများ ပြန်လည်ကောင်းမွန်လာမည်ဟု မျှော်လင့်ထားပြီး၊ ယခင်နှစ်များနှင့်နှိုင်းယှဉ်ပါက ဘဏ္ဍာရေး ဆိုင်ရာစွမ်းဆောင်ရည်များ ပိုမို ကောင်းမွန်လာလိမ့်မည်ဟု မျှော်လင့်ရပါသည်။

**ဒါရိုက်တာအဖွဲ့၏ အမိန့်အရ**

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၂၂ ခုနှစ်၊ ဇွန်လ၊ ( ၃၀ ) ရက်

First Myanmar Investment Public Co., Ltd.
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766

## AUDITED FINANCIAL STATEMENTS AND MANAGEMENT DISCUSSION & ANALYSIS

The Board of Directors of First Myanmar Investment Public Co., Ltd ("the Company", and with its subsidiaries "the Group"), wishes to announce the release of the Company's audited financial statements for the year ended 31st Mar 2022 ("FY 2022").

The financial report is to comply with the new financial year ended 31st March, covering six months of the operating period from 1st October 2021 to 31st March 2022 ("FY Mar-2022"). For a meaningful comparison, the Company's management uses its interim financial report covering from the period 1st October 2020 to 31st March 2021 ("HY Mar-2021"). The Company's management is pleased to provide a discussion and analysis of the year-end results below.

The annual report containing the audited financial statements can be accessed via the YSX website and is also available at: https://fmi.com.mm/investors/annual-reports/

### KEY HIGHLIGHTS

**Summary of Group Statement of Comprehensive Income**

| (MMK'000) | **FY Mar-2022** (Audited) | HY Mar-2021 | % Change |
|---|---|---|---|
| Revenue | **138,693,464** | 164,065,048 | (15.5%) |
| Cost of revenue | **(83,634,074)** | (86,412,959) | 3.2% |
| Gross profit | **55,059,390** | 77,652,089 | (29.1%) |
| *Gross Profit margin* | ***39.7%*** | *47.3%* | |
| Administrative expenses | **(45,127,471)** | (53,576,132) | 15.8% |
| Finance expenses | **(1,671,447)** | (1,758,393) | 5.0% |
| Other (losses)/gains, net | **(162,040)** | 498,541 | (132.5%) |
| Share of losses of associates and joint ventures, net of tax | **(1,735,612)** | (579,020) | (199.8%) |
| Profit before income tax | **6,362,820** | 22,237,085 | (71.4%) |
| Income tax expense | **(1,582,144)** | (6,601,356) | 76.0% |
| **Profit for the year/period** | **4,780,676** | 15,635,729 | (69.4%) |
| Fair value gains/(losses) of available-for-sale investments | **1,061,695** | (631,802) | 268.1% |
| Share of other comprehensive losses of associates | **(455,071)** | (5,070,192) | 91.0% |
| **Other comprehensive income/(losses) for the year/period, net of tax** | **606,624** | (5,701,994) | 110.6% |
| **Total comprehensive income for the year/period** | **5,387,300** | 9,933,735 | (45.8%) |
| | | | |
| **Profit attributable to:**[1] | | | |
| Owners of the Company | **1,470,464** | 8,421,653 | |
| Non-controlling interests | **3,310,212** | 7,214,076 | |
| | **4,780,676** | 15,635,729 | |

[1] Net profit attributable to equity holders of the Company used for the computation of basic/diluted EPS has been adjusted for the distribution to the holders of perpetual securities.

**Earnings per share**

| | | | |
|---|---|---|---|
| Basic (MMK) | **44** | 264 | (83.3%) |
| Diluted (MMK) | **36** | 209 | (82.8%) |

The Group's businesses continue to recover amidst a difficult operating environment and the country has substantially recovered from the latest surge of the omicron variant of COVID-19. The Group's total revenue for the year ended FY Mar-2022 decreased by 15.5% to MMK 138.7 billion as compared to MMK 164.1 billion in HY Mar-2021 which was mainly due to the decline in revenue from the Group's financial services segment ("Yoma Bank"). This drop in revenue was partially mitigated by a revenue increase from the Group's healthcare segment ("Pun Hlaing Hospitals"). Below is the breakdown of revenue by business segment: -

| (MMK'000) | **FY Mar-2022** (Audited) | HY Mar-2021 | % Change |
|---|---|---|---|
| Financial services | **108,905,183** | 146,752,811 | (25.8%) |
| Healthcare services | **29,684,541** | 17,178,406 | 72.8% |
| Rental income | **36,000** | 18,000 | 100.0% |
| Dividend income | **67,740** | 115,831 | (41.5%) |
| **Total** | **138,693,464** | 164,065,048 | **(15.5%)** |

Revenue generated from Yoma Bank decreased by 25.8% from MMK 146.8 billion in HY Mar-2021 to MMK 108.9 billion in FY Mar-2022 and the decrease was mainly related to lower revenue contribution from interest income, non-interest income, and treasury income. Revenue from Pun Hlaing Hospitals was increased by 72.8% to MMK 29.7 billion in FY Mar-2022, as compared to MMK 17.2 billion in HY Mar-2021. This increase was mainly driven by 73% from organic revenue of clinical functions and ancillary services, and 27% from Covid-19-related revenue.

The gross profit was decreased by 29.1% to MMK 55.1 billion in FY Mar-2022, as compared to MMK 77.7 billion in HY Mar-2021. The decrease was mainly due to lower gross profit margins recorded by Yoma Bank not only the decrease in all sources of revenue but also the increase in interest expenses due to higher deposit balance and higher mixed interest rate as compared to HY Mar-2021.

The Group's administrative expenses were decreased from MMK 53.6 billion in HY Mar-2021 to MMK 45.1 billion in FY Mar-2022. The decrease in administrative expenses was mainly caused by reversing a portion of previous loan loss provisions for non-performing loans ("NPLs") with the support of excellent recovery from the NPL pool at Yoma Bank and as a result of the continued cost control measures achieved through salary reductions, reduced depreciation, and lower overheads during FY Mar-2022.

Interest expenses on borrowings decreased by 5.0% in FY Mar-2022 as compared to HY Mar-2021 mainly due to lower average borrowings during FY Mar-2022 by Pun Hlaing Hospitals and the Company.

In FY Mar-2022, the Group recorded other losses of MMK 0.2 billion as compared to other gains of MMK 0.5 billion in HY Mar-2021. The decrease was mainly due to the write-off of unused assets at Pun Hlaing Hospitals which was partially offset by the gains in currency translation due to the effects of changes in foreign exchange rates. Below is the detailed breakdown:

| (MMK'000) | **FY Mar-2022** (Audited) | HY Mar-2021 |
|---|---|---|
| Gain on foreign currency exchange, net | **1,077,391** | 399,337 |
| Gain (loss) on disposal of property and equipment | **35,674** | (14) |
| Gain on revaluation of investment properties | **-** | 113,880 |
| Write-off of receivables | **(1,218)** | - |
| Write-off of payables | **-** | 287 |
| Write-off of property and equipment and intangible assets | **(1,273,887)** | (14,949) |
| **Total Other (Losses) / Gains** | **(162,040)** | 498,541 |

The Group recorded a share of losses of associates and joint ventures in FY Mar-2022. A detailed breakdown is as below:

| | | **Group Share of Profit/(Loss)** | |
|---|---|---|---|
| (MMK'000) | **Stake** | **FY Mar-2022** (Audited) | HY Mar-2021 |
| Thanlyin Estate Development Limited | 30.0% | **(1,672,782)** | (125,678) |
| CLW Development Limited | 25.0% | **15,495** | (312,471) |
| FMI Garden Development Limited | 47.5% | **-** | (5,529) |
| Pun Hlaing Links Services Company Limited | 30.0% | **(28,815)** | 1,443 |
| Kawthaung Hill Investment Limited | 37.5% | **(163)** | (392) |
| LSC-FMI Company Limited | 50.0% | **(351)** | (175) |
| FMIDecaux Company Limited | 40.0% | **(57,308)** | (356,982) |
| Chindwin Holdings Pte. Ltd. | 30.0% | **-** | 104,777 |
| Meeyahta International Hotel Limited | 20.0% | **8,312** | 115,987 |
| **Total Share of Losses** | | **(1,735,612)** | (579,020) |

In FY Mar-2022, the Group recognized a higher share of losses of associated companies and joint ventures of MMK 1.7 billion as compared to MMK 0.6 billion in HY Mar-2021. This decrease was mainly due to the higher losses at Thanlyin Estate Development Limited as a result of impairment loss of its investment properties and loss of foreign currency translation. However, FMIDecaux Company Limited recorded a lower share of loss of MMK 57.3 million in FY Mar-2022 as compared to MMK 357.0 million in HY Mar-2021 results where revenue was higher, and the operating costs were lower during the period. In addition, the share of profit from CLW Development Limited was mainly due to the foreign exchange gain on its shareholders' loan.

As a result of the above, the Group recorded a net profit after tax of MMK 4.8 billion for the year ended 31 March 2022 as compared to MMK 15.6 billion for the period ended 31 March 2021.

In FY Mar-2022, the Group recognized fair value gains of MMK 1.1 billion from its available-for-sale investments as compared to the losses of MMK 0.6 billion in HY Mar-2021. Shown below are the details of the Group's fair value adjustment for those investments.

| Investments (MMK'000) | Carrying Value Before Adjustment | Fair Value Adjustment | Carrying Value after Adjustment |
|---|---|---|---|
| MTSH | 2,059,209 | (289,577) | 1,769,632 |
| Memories Group | 1,425,341 | (378,638) | 1,046,703 |
| 5% shareholding in Wave Money by Yoma Bank Limited | 7,515,690 | 1,729,910 | 9,245,600 |
| **Total** | **11,000,240** | **1,061,695** | **12,061,935** |

This gain was due to the adjustment of fair market value on 5% shareholding of Wave Money which was held by Yoma Bank Limited. It was partially offset by the fair value losses of the Company's investment in Myanmar Thilawa SEZ Holdings Public Co., Ltd ("MTSH") and Memories Group Limited ("Memories Group"), both of which are companies listed on YSX and SGX respectively.

In FY Mar-2022, the Group's share of other comprehensive losses from its associates was reduced from MMK 5.1 billion in HY Mar-2021 to MMK 0.5 billion. The decrease was mainly due to the absence of one-time prior years adjustment recorded in HY Mar-2021 as a result of the foreign currency translation reserve of Thanlyin Estate Development Limited and the Group's dormant entity of Meeyahta International Hotel Limited.

For the above-aforementioned reasons, the Group recorded a net profit attributable to equity holders of the Company of MMK 1.5 billion in FY Mar-2022 as compared to MMK 8.4 billion in HY Mar-2021.

As a result, the Group obtains the basic earnings per share ("EPS") of MMK 44, and the diluted EPS of MMK 36 in FY Mar-2022, decreased by 83.3% and 82.8% respectively. For the purpose of calculating diluted earnings per share, the weighted average number of shares issued has been adjusted assuming that any dilutive convertible securities were duly exercised as of 31 March 2022.

Whilst we are also seeing attractive growth opportunities, the Group will continue to prudently manage its liquidity position, control costs, and maintain balance sheet flexibility. A summary statement of the financial position of the Group, together with a comparative statement as of the end of the immediately preceding financial year, 30 September 2021 is shown below.

**Summary of Group Balance Sheet**

| (MMK'000) | **As at 31-Mar-2022** (Audited) | As at 30-Sep-2021 (Restated) | % Change |
|---|---|---|---|
| **ASSETS** | | | |
| Total current assets | **2,871,155,456** | 2,554,816,555 | 12.4% |
| Total non-current assets | **548,818,501** | 558,965,514 | (1.8%) |
| Total assets | **3,419,973,957** | 3,113,782,069 | 9.8% |
| **LIABILITIES** | | | |
| Total current liabilities | **2,904,006,944** | 2,603,203,827 | (11.6%) |
| Total non-current liabilities | **11,843,133** | 11,992,699 | 1.2% |
| Total liabilities | **2,915,850,077** | 2,615,196,526 | (11.5%) |
| **NET ASSETS** | **504,123,880** | 498,585,543 | 1.1% |

| | | | |
|---|---|---|---|
| **EQUITY** | | | |
| Equity attributable to the equity owners of the Company | **397,938,660** | 396,519,111 | |
| Non-controlling interest | **106,185,220** | 102,066,432 | |
| **TOTAL EQUITY** | **504,123,880** | 498,585,543 | 1.1% |

Total current assets increased from MMK 2,554.8 billion as at 30 September 2021 to MMK 2,871.2 billion as at 31 March 2022. The increase was mainly due to the increase in cash and cash equivalent and additional investment in Bank's treasury portfolios.

Total non-current assets decreased slightly from MMK 559.0 billion as at 30 September 2021 to MMK 548.8 billion as at 31 March 2022.

Total current liabilities increased to MMK 2,904.0 billion as at 31 March 2022 as compared to MMK 2,603.2 billion as at 30 September 2021 which was mainly due to the higher deposit balances by Bank's customers and the growth continues to be driven by an increase in deposits of Flexi Everyday Account.

Total non-current liabilities decreased slightly from MMK 12.0 billion as at 30 September 2021 as compared to MMK 11.8 billion as at 31 March 2022 mainly due to the partial repayment of borrowings by Pun Hlaing Hospitals and the Company.

The Group's equity grew at a rate of 1.1% which was attributable to the increase in equity reserve and non-controlling interest mainly coming from Yoma Bank.

As of 31 March 2022, the Group's cash and cash equivalents amounted to approximately MMK 747.8 billion. A summary of the Group Statement of Cash Flows is as follows: -

**Summary of Group Cash Flow Statement**

| (MMK'000) | **FY Mar-2022** (Audited) | FY Sep-2021 (Restated) | % Change |
|---|---|---|---|
| Net cash provided by (used in) operating activities | **370,617,872** | (135,411,325) | 373.7% |
| Net cash (used in) provided by investing activities | **(132,214,385)** | 280,804,745 | (147.1%) |
| Net cash (used in) financing activities | **(1,750,528)** | (640,147) | (173.5%) |
| Net increase in cash and cash equivalents | **236,652,959** | 144,753,273 | 63.5% |
| Cash and cash equivalents at beginning of the year | **511,101,576** | 366,348,303 | 39.5% |
| Cash and cash equivalents at the end of the year | **747,754,535** | 511,101,576 | 46.3% |

The Group cash and cash equivalents increased by 46.3% to MMK 747.8 billion as at 31 March 2022 as compared to MMK 511.1 billion as at 30 September 2021. Yoma Bank represents the majority of cash reported on the Group cash flow statement and its deposits from customers increased faster than its loan portfolios, resulting in a majority of positive cash flow from operating activities amounted to MMK 370.6 billion. Net cash flow used in investing activities for MMK 132.2 billion was primarily due to the additional purchase of government securities by Yoma Bank. The Group's net cash used by financing activities for the year ended 31 March 2022 amounted to MMK 1.8 billion due to the partial repayment of borrowings.

## Business Outlook

Myanmar has largely recovered from the latest surge of the omicron variant of COVID-19 with substantially fewer COVID- 19 cases reported. The authorities recently reopened the country to international travel and announced the lifting of temporary measures to prevent the importation of COVID-19 through air travel (https://tourism.gov.mm/covid-19/) in a bid to bolster international tourism and engage international business communities. With over 99% of the Group's employees having been vaccinated, the operational disruptions to the Group's businesses from COVID-19 have subsided and the majority of infected staff have been able to return to work within a few days. While the Group will continue to take preventive measures and plan for future spikes of COVID-19 in Myanmar, the focus has firmly shifted towards operational improvements and capturing business opportunities.

The Group's Financing Service business, Yoma Bank ("YB"), continues its recovery from the disruptions of 2021 and performs well by closing its book for FY2022 with a stronger balance sheet and increased cash position. This is a tremendous achievement of the YB team by coping with the ongoing challenging environment with resilience. Yoma Bank's POS terminals also went live in December 2021 and secured 116 merchants over the first six months. The integration of the Yoma POS system and Wave Money Payment system is expected to be completed by mid-2022, which will provide a seamless digital payment solution to both its customers and merchants.

However, Yoma Bank will be facing a challenge in its foreign currency banking service. The Central Bank of Myanmar has issued a number of new foreign exchange notifications and directives over the past few months related to the conversion of foreign currency into MMK with certain exemptions. In view of the general shortage of USD in the market, Yoma Bank is proactively managing its customer relations and putting utmost effort to support its corporate clients in meeting their foreign exchange needs.

The Group is also assessing the impact of these directives and will continue to manage its currency exposure proactively. The Company will provide updates on any material impact on its businesses.

The Group's Healthcare business, Pun Hlaing Hospitals ("PHHs"), continues to see healthy growth in its organic income stream. PHHs has launched its community clinics program named "heal @ Pun Hlaing" with the first clinic opened in San Chaung township in January 2022 and followed by the Star City clinic in June 2022. A total of four clinics are scheduled to open before the end of FY2023. PHH's main flagship, 17 years old Pun Hlaing Hlaing Thayar Hospital, has also gone through a revamping program called "Bright Project". Bright Project is a comprehensive upgrade of PHHs Hlaing Thayar, which includes the upgrade of existing hospital infrastructure to meet modern healthcare standards and enhance Customers' journey and experience, among the others. A new Capex for Bright Project has been made from PHHs' internal resources. The Group recognizes the resilience and effort made by PHH team throughout the difficult periods and will continue to support PHH in pursuing its healthcare strategy to better healthcare services to its customers and Myanmar people.

The Group's flagship residential estate – StarCity continues to attract healthy demand for both sales and rentals. These activities benefit from the recognized level of service, amenities, and security provided by Star City, as well as the demand to invest and store wealth in hard assets. The Group will further recognize revenue in the coming quarters from units that have previously been sold at City Loft @ StarCity and Star Villas in FY2023. Furthermore, as part of a portfolio shift at StarCity and to ensure business sustainability, the Group has also elected to convert Star Residence @ StarCity, which were previously available for rental, into units for sale. It launched the first 50 units in March 2022 and has since booked and sold more than half of these units which reflects the demand for properties at StarCity.

In addition, the Group has also launched Padauk Garden Development which is the last remanent piece of FMI City Development in Hlaing Thayar Township, Yangon. Padauk Garden Development will comprise 156 units of bungalow-type houses called Padauk Villas, and 94 units of shophouses, called Padauk Shop houses. As the sales and developments move forward, the Group will start to recognize its income in FY2023.

The Group's investment in the Tourism business, Memories Group, continues to face challenges that exist in the industry. Barriers to international travel, security concerns in some parts of the country, and a Covid-19 outbreak have continued to dampen demand for hospitality in the preceding period. While some of these challenges will remain, in other aspects there are signs of improvement. Throughout April 2022, the authorities announced a series of rules revisions that dismantle almost all pandemic-related border restrictions. Particularly, this culminates in the resumption of international commercial flights and the elimination of quarantine requirements for visitors with vaccination records and negative test results for Covid-19. However, although regulatory barriers are removed, the frequency of flights from international airlines are expected to only increase gradually. Coupled with negative media reports on Myanmar's political situation, international tourism arrival is expected to remain low for the year although business-related travel may resume gradually first. As for the domestic market condition, day-to-day activities are gradually resumed which will be positive for some of Memories Group's business activities. Memories Group is expecting to see a revival of domestic tourism when the monsoon season is over in coming October this year for the new tourism season and expects to show better financial performance compared to last year.

By Order of the Board

Tun Tun
Executive Director
30 June 2022

First Myanmar Investment Public Co., Ltd.
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766